Chin National Front
General Headquarters
Chinland
www.chinland.org

# ချင်း ပြည်သူလူထုတရပ်လုံးသို့ ပန်ကြားလွှာ......

ချစ်ခင်လေးစားအပ်ပါသော ချင်းပြည်သူလူထု အပေါင်းတို့ခင်ဗျား၊

ချင်းပြည်နယ်အတွင်း မြို့နယ်ပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများ၊ မျိုးနွယ်စု ကိုယ်စားလှယ်တော်ကြီးများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ ချင်းအမျိုးသား ကိုယ်စားလှယ်တော်ကြီးများ အားလုံးကို ချင်းအမျိုးသား တပ်ဦးမှ ဖိတ်ကြားပြီး၊ စုစုပေါင်းတက်ရောက်သူ (၁၅၃) နှင့်အတူ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့မှ (၁၆) ရက်နေ့အထိ ချင်းအမျိုးသားတပ်ဦး၏ အရေးပေါ်ညီလာခံ တရပ်ကို အိန္ဒိယ-မြန်မာ နယ်စပ် တနေရာတွင် အောင်မြင်စွာ  ကျင်းပနိုင်ခဲ့ ကြပါသည်။

အဆိုပါညီလာခံကြီး တွင် .......

၁) ကုန်လွန်ခဲ့သည့် (၂၃) နှစ်တာကာလ ချင်းအမျိုးသားတပ်ဦး၏ သမိုင်းဖြတ်သန်းမှု တလျောက် အားနည်းချက်၊ အားသာချက်များကို မိဘပြည်သူများနှင့်အတူ ပွင့်ပွင့်လင်းလင်း ချပြ၊ ဖေါ်ထုတ်သုံးသပ်ဝေဖန်ကာ အားနည်းချက်များကို ပြုပြင်ပြီး၊ အားသာချက်များကို ပိုမို အားကောင်းအောင် အားဖြည့်ရန် ပိုင်းဂန်းညှိနှိုင်းဆွေးနွေး ဖြစ်ခဲ့ကြပါသည်၊

၂) ယင်းသို့ အနယ်နယ်အရပ်ရပ်မှ မိဘပြည်သူတို့၏ ကိုယ်စားလှယ်တော်ကြီးများ နှင့် အတူ ပွင့်လင်း ပြတ်သားသည့် အပြန်အလှန် ဝေဖန်ဆွေးနွေးမှုများ၊ အကြံပေးမှုများ၏ ရလဒ်များ အပေါ်တွင် အခြေခံပြီး ချင်းအမျိုးသားတပ်ဦး၏ ဗဟိုကော်မီတီတရပ်လုံးကို မူသစ်၊ ပုံစံသစ် များ အောက်တွင် အသစ်တဖန်ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ကြပါသည်။

၃) ယင်းသို့ ပြုပြင်ပြောင်းလဲရေးအားဖြင့် အခိုင်အမာတည်ဆောက်ကာ ရရှိလာသော ပိုမို သစ်လွင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အကောင်းဆုံးသော လက်နက်တရပ် အဖြစ် ရင်ဂယ်ပိုက်ကာ ထိမ်းသိမ်း၊ ကာကွယ်၊ စောင့်ရှောက်ရင်း၊ ချင်းပြည်သူတို့အပြင်းပြ ဆုံးသော ဆန္ဒအစစ်အမှန်များဖြစ်သည့် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေး၊ ဒီမိုရေစနစ်ထွန်းကားရေးနှင့် လွတ်လပ်ခြင်း၊ တန်းတူခြင်း၊

တရားမျှတခြင်း ပန်းတိုင်ဆီသို့ ရောက်ရှိသည်အထိ မိဘပြည်သူများနှင့် ထပ်ကြပ်မကွာ လက်တွဲပြီး လျှောက်လှမ်းချီတက်ကြရန် ညီလာခံ တက်ရောက်ခဲ့ကြသည့် မိဘပြည်သူများ၏ ရှေ့မှောက်တွင် အသစ်ဖွဲ့စည်းလိုက်သော ဗဟိုကော်မီတီဝင် တရပ်လုံး သစ္စာဆိုဖြင့်သန့်ချ ပြီး ချင်းအမျိုးသားအလံတော်ကို ကိုင်စွဲကာ အလေးအနက် ကတိသစ္စာ ဆိုခဲ့ကြပါသည်။

သို့ဖြစ်သဖြင့် နှစ်ပရိစ္ဆေဒကြာညောင်းစွာ အမိချင်းပြည်၏ ဝမ်းတွင်းဂယ် တအုံနွေးနွေး သန္ဓေ တည်နေခဲ့သည့် အမျိုးသားစည်းလုံး ညီညွတ်ရေးသည် ရင့်မှည့်လာသည်နှင့်အမျှ အချိန်အခါ ၏တောင်းဆိုမှုနှင့်အညီ ယနေ့ အချိန်အခါတွင် အမိချင်းလဲန်း၏ ဂမ်းတွင်းမှကျွတ်ကာ အသစ် တဖန်ပြန်လည်မွေးဖွားခဲ့ပြီဖြစ်ကြောင်း ချစ်ခင်လေးစားရပါသော ချင်းပြည်သူ လူထုမိဘပြည် သူတရပ်လုံးအတွက် ယနေ့အကောင်းဆုံးသော သတင်းစကား တခုကို ကျွန်တော်တို့ ပေးပို့ လိုက်ပါသည်။

အမှန်မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီ၏ အုတ်မြစ်တို့ကို ၁၉၄၈ ခုနှစ် ဖေဖေါ်ဂါရီလ (၂၀) ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ကိုယ်စားလှယ်တော်ကြီးများ ပူးပေါင်း ကာမိဘချင်းပြည်သူများက ချင်းပြည်၏ ဒီမိုကရေစီ ဘူမိနက်သန် ဖလမ်းမြို့တွင် မွေးဖွားပေး ခဲ့ပြီးဖြစ်သည်။ သို့သော်လည်း အကြောင်းအမျိုးမျိုးကိုအခြေခံပြီး အမျိုးသားစည်းလုံး ညီညွတ်ရေးသည် တဖြည်းဖြည်းအားပျော့လာခဲ့ရပြီး ချင်းအမျိုးသား နိုင်ငံရေးဂိုဏ်း ပျက်သုဉ်း ခဲ့ရသည်။ ယနေ့ ကျွန်ုပ်တို့၏ ချင်းအမျိုးသား နိုင်ငံရေးဂိုဏ်းသည် ပြန်လည် နိုးထလာပြီ ဖြစ် သဖြင့် ဂမ်းမြောက်ဂမ်းသာ ဖက်လဲတကင်း ကြိုဆိုကြပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

တဆက်တည်း အသိပေးလိုသည်မှာ မကြာတော့သည့် အချိန်တွင် ကျွန်တော်တို့ ချင်းအမျိုး သားတပ်ဦးသည် ဗဟိုအစိုးရ၏ ကမ်းလှမ်းချက်ကိုလက်ခံပြီး ချင်းပြည်နယ်အစိုးရနှင့် ပဏာမ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန် အစီအစဉ်ရှိပါသည်။ တိုင်းပြည်၏ နိုင်ငံရေးပြဿနာကို နိုင်ငံ ရေးနည်းနှင့်ဖြေရှင်းရန် ပထမခြေလှမ်းအဖြစ် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် စတင် လျှောက်လှမ်းမည်ဖြစ်သည်။

အမှန်တကယ်တွင်မူ အပစ်အခတ်ရပ်စဲရေး ဆိုရာတွင် တပြည်လုံးအတိုင်းအတာ တပြိုင်နက် ထဲအပစ်အခတ်ရပ်စဲရေးကို ဗမာပြည်သူများနှင့် အခြားတိုင်းရင်းသားပြည်သူ အားလုံးတို့ နည်းတူ ကျွန်ုပ်တို့လည်းလိုလား ပါသည်။ သို့သော်လည်း ဗဟိုအစိုးရတွင် ယင်းကဲ့သို့သော တပြည်လုံး အတိုင်းအတာအပစ်အခတ် ရပ်စဲရေးကို ဆောင်ရွက်ရန် နိုင်ငံရေးဆန္ဒ ရှိပုံမရ မတူပါ။ သို့ဖြစ်သဖြင့် ဗဟိုအစိုးရ၏ ကမ်းလှမ်းချက်အတိုင်း အပစ်အခတ်ရပ်စဲရေးကို ချင်းပြည်နယ် အစိုးရနှင့် အရင်ဆွေးနွေးမည်ဖြစ်ပါသည်။

Department of Organization

ဤကဲ့သို့ အသစ်ပြန်လည် ဖွဲ့စည်းလိုက်သော ချင်းအမျိုးသားတပ်ဦး၏ ပထမခြေလှမ်းအဖြစ် ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်တွင် ဦးဦးဖျားဖျား စတင်ခြေလှမ်းလှမ်းရာတွင် အောင်မြင်မှုများ ရရှိမည်မရရှိမည် ဆိုသည်မှာ မိဘချင်းပြည်သူလူထုတရပ်လုံး၏ တခဲနက်အားပေး ထောက်ခံ ပံ့ပိုးမှု အပေါ်တွင်မူတည်နေပါသည်။ နယ်ပေါင်းစုံနှင့် မျိုးနွယ်စုများမှ လေးစားရပါသော ကိုယ်စားလှယ်တော်ကြီးများနှင့် အတူတကွပူးပေါင်းပြီး အမျိုးသားစည်းလုံး ညီညွတ်ရေး အသစ်တရပ်ကို မွေးထုတ်ကာ သမိုင်းမှတ်တိုင်သစ် တခုကိုစိုက်ထူခဲ့သည့် ချင်းအမျိုးသား တပ်ဦးသည် မိဘချင်းပြည်သူတရပ်လုံးအပေါ် အကြွင်းမဲ့ယုံကြည်မှု ရှိပါသည်။ သို့ဖြစ်သဖြင့် ချင်းအမျိုးသားတပ်ဦး၏ ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် တန်းတူရေးအတွက် လှုပ်ရှားမှုများကို မိဘချင်းပြည်သူလူထု တရပ်လုံးမှ တခဲနက်အားပေး ထောက်ခံပံ့ပိုး ပေးကြပါရန် ကျွန်ုပ်တို့၏ အပြင်းပြဆုံးသော ဆန္ဒကိုထုတ်ဖေါ်ရင်း ပန်ကြားအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးခြေလှမ်းသစ်များသည် ချောမွေ့သည်လည်းရှိမည်၊ ကြမ်းတမ်းသည်လည်းရှိမည်၊ အထစ်အငေါ့ အဟန့်အတားများကိုလည်း ကြုံတွေ့ကောင်းကြုံ တွေ့ရမည်ဖြစ်သည်။ မည်သို့သော အခက်အခဲများကိုမဆို ရင်ဆိုင်ကာ အသက်ကို ပင်ပဓာန မထားပဲ မိဘပြည်သူတို့မျှော်မှန်းသော ပြည်ထောင်စုအတွင်းမှ ဂုဏ်သိက္ခာရှိပြီး သာယာ ငြိမ်းချမ်းသည့် ချင်းပြည်သစ် ပေါ်ထွန်းလာရေးအတွက် ချင်းပြည်သူလူထုတရပ်လုံးနှင့် လက်တွဲကာ မမိုတ်မသုန် ချီတက်သွားမည်ဖြစ်ပါသည်။

ယနေ့ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော နိုင်ငံရေးအခင်း အကျင်းသစ်များနှင့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်တုံ့ပြန်ရာတွင်လည်း ချင်းအမျိုးသား တပ်ဦးသည် မိဘချင်းပြည်သူလူထုတရပ်လုံးအပေါ် အကြွင်းမဲ့ယုံကြည်စွာဖြင့် ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်သည်။

လေးစားစွာဖြင့်၊

ဒေါက်တာ ဇလေ့ထန်း
ဥက္ကဋ္ဌ
အဓိပတိကောင်စီ (The Supreme Council)
ချင်းအမျိုးသားတပ်ဦး

Department of Organization